ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

သတင်းလွှာ( ၅ /၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **Tradenet 2.0 စနစ်ဖြင့် ပို့ကုန်၊သွင်းကုန် လိုင်စင်/ပါမစ် ခွင့်ပြုချက်ရရှိပြီး သတ်မှတ်ကာလအတွင်း လိုင်စင်/ပါမစ်ကြေး ပေးသွင်းရန်ကိစ္စ ထုတ်ပြန်ခြင်း**

၁။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Tradenet 2.0 စနစ်မှ ပို့ကုန်၊ သွင်းကုန်လိုင်စင်/ပါမစ်လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဌာနမှခွင့်ပြု(Approved) ပြီးသည့် နေ့မှစ၍ (၇) ရက်အတွင်း သတ်မှတ်လိုင်စင်၊ ပါမစ်ကြေး ပေးသွင်းထုတ်ယူခြင်းမပြုပါက စနစ်မှ အလိုအလျောက်ပယ်ဖျက် (Auto Cancel) သွားမည်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၄/၂၀၂၂) ဖြင့် ထုတ်ပြန်ကြေညာပြီး ဖြစ်ပါသည်။

၂။ အဆိုပါစနစ်မှ ပယ်ဖျက်မည့် သတ်မှတ်ကာလကို ဌာနမှခွင့်ပြုပြီး (၇)ရက်အစား (၃)လဟု ပြင်ဆင်သတ်မှတ်ပါကြောင်းနှင့် (၃)လအတွင်း ထုတ်ယူခြင်းမပြုသော လိုင်စင်/ပါမစ်လျှောက်ထားမှုများအား စနစ်မှအလိုအလျောက် ပယ်ဖျက်(Auto Cancel ) သွားမည်ဖြစ်သည်။

၃။ ပို့ကုန်၊သွင်းကုန်လိုင်စင်များ ထုတ်ယူခြင်းကို ဌာနမှ ခွင့်ပြုသည့်နေ့မှစ၍ (၇)ရက်အတွင်း ထုတ်ယူကြရန်နှင့် သတ်မှတ်ကာလအတွင်း ထုတ်ယူခြင်းမပြုပါက အောက်ပါအတိုင်း ဒဏ်ကြေးပေးသွင်းရမည်ဖြစ်ပါသည်-

(က) (၈)ရက်မှ (၁၄)ရက်အတွင်း ထုတ်ယူပါက လိုင်စင်ကြေးအပြင် ဒဏ်ကြေးငွေကျပ် ၄၅၀၀၀ ၊

(ခ ) (၁၅)ရက်မှ (၃၀)ရက်အတွင်း ထုတ်ယူပါက လိုင်စင်ကြေးအပြင် ဒဏ်ကြေးငွေကျပ် ၉၀၀၀၀၊

(ဂ ) ဒုတိယတစ်လ (ရက်ပေါင်း ၃၀)အတွင်း ထုတ်ယူပါက လိုင်စင်ကြေးအပြင် ဒဏ်ကြေးငွေ ကျပ် ၁၈၀၀၀၀၊

(ဃ) တတိယတစ်လ (ရက်ပေါင်း ၃၀) အတွင်း ထုတ်ယူပါက လိုင်စင်ကြေးအပြင် ဒဏ်ကြေးငွေ ကျပ် ၃၆၀၀၀၀။

၄။ ထို့အပြင်ခွင့်ပြုပြီး ပို့ကုန်၊သွင်းကုန်လိုင်စင်/ပါမစ်များအား ထုတ်ယူခြင်းမပြုသဖြင့် စနစ်မှ ပယ်ဖျက် (Auto Cancel)သည့် ဖြစ်စဉ်ကို (၃)လအတွင်း (၅)ကြိမ်ဖြစ်ပွားပါက အဆိုပါ လုပ်ငန်းရှင်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား (၆)လယာယီရပ်ဆိုင်းမည်ဖြစ်ကြောင်းကို လည်း သတင်းလွှာအမှတ် (၂၀/၂၀၂၀)ဖြင့် အသိပေးကြေညာထားပြီးဖြစ်ပါသည်။

၅။ သို့ပါ၍ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုပြီး ပို့ကုန်၊သွင်းကုန် လိုင်စင်/ ပါမစ်များကို သတ်မှတ်ကာလ(၇)ရက်အတွင်း ထုတ်ယူကြရန် အသိပေးထုတ်ပြန်ကြေညာပါသည်။ သတ်မှတ်ကာလကျော်လွန် ဆောင်ရွက်မှုများအတွက် ဒဏ်ကြေးငွေပေးဆောင်ခြင်း၊ စနစ်မှ ပယ်ဖျက်ခြင်း၊ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်အား ယာယီရပ်ဆိုင်းခြင်းတို့ကို အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဤသတင်းလွှာပါ လုပ်ငန်းစဉ်များကို ၂၀၂၃ ခုနှစ်၊ မတ်လ (၁)ရက်နေ့မှ စတင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**